ဤပုံနှိပ်ထုတ်ဝေခြင်းကို ဥရောပသမဂ္ဂ၏ ထောက်ပံ့ကူညီမှုဖြင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။
ပုံနှိပ်ထုတ်ဝေမှုတွင် ပါဝင်သော အကြောင်းအရာများသည် ဥရောပသမဂ္ဂ၏
အမြင်သဘောထားအပေါ် ထင်ဟပ်သက်ရောက်ခြင်း မရှိဘဲ ထုတ်ဝေသူများ၏
အာဘော်သက်သက်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

This project is co-funded by the European Union

Implementation partners

# သတင်းအချက်အလက်ကောက်ခံ (စုဆောင်း) ခြင်း ပြမြေပုံ



# မာတိကာ


| | |
|---|---|
| နိဒါန်း | ၅ |
| အစီရင်ခံစာပြုစုပုံ | ၆ |
| အခန်း (၁)<br>မူးယစ်ဆေးဝါး စတင်သုံးစွဲမိသည့် အကြောင်းရင်း | ၇ |
| အခန်း (၂)<br>မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲပြဿနာများ | ၁၀ |
| အခန်း (၃)<br>မူးယစ်ဆေးဖြတ် ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများ | ၁၅ |
| အခန်း (၄)<br>မူးယစ်ဆေးဖြတ် ကုသခြင်းနှင့် မူးယစ်ဆေး တားဆီးနှိမ်နင်းရေး လုပ်ဆောင်ချက်များ | ၁၈ |
| အခန်း (၅)<br>အရေးပါသော တွေ့ဆုံမေးမြန်းမှုများ | ၂၀ |
| အခန်း (၆)<br>တောင်းဆိုချက်များ | ၂၃ |
| နိဂုံး | ၂၅ |

# နိဒါန်း

မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံတွင် လယ်ယာမြေပြဿနာပြီးနောက် ဒုတိယအကြီးမားဆုံး ပြဿနာဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် မူးယစ်ဆေးဝါးပြဿနာသည် မျှော်မှန်းထားသည်ထက် အဆပေါင်းများစွာ ကြီးထွားနေပြီး မူးယစ်ဆေးသုံးစွဲမှုသည်လည်း လူငယ်များ အကြားတွင် ယဉ်ကျေးမှုတစ်ခုသဖွယ် ထွန်းကားလာလျက်ရှိသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှု လျော့ကျသွားသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောဆိုထားသော်လည်း မြန်မာနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်နေဆဲပင် ဖြစ်သည်။

သမ္မတဦးဝင်းမြင့်လက်ထက်တွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးအဖွဲ့က မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများကို တိုက်ရိုက်ဖမ်းဆီးဖော်ထုတ်ခဲ့သဖြင့် တိုးတက်ပြောင်းလဲမှုအနည်းငယ် ရှိလာခဲ့သော်လည်း မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင် ရန်အတွက်မူ အလှမ်းဝေးနေဆဲပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ အခြားသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များနည်းတူ မွန်ပြည်နယ်သည်လည်း မူးယစ် ဆေးဝါးပြဿနာကို ဆိုးဆိုးရွားရွား ကြုံတွေ့နေရသော ပြည်နယ်တစ်ခုဖြစ်သည်။ မွန်ပြည်နယ်တွင် ၂၀၁၈ ဇန်နဝါရီလမှ ဩဂုတ်လအထိ (၈) လတာကာလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း (၂၃၉) မှု ဖမ်းဆီးရမိခဲ့ ပြီး အဆိုပါအရေအတွက်သည် ယခင်နှစ်များထက် ပိုမိုခဲ့သည်ဟု မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးက အတည်ပြု ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံ အထူးသဖြင့် မွန်ပြည်နယ်၏ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် အုတ်တစ်ချပ် သဲတစ် ပွင့်အဖြစ် ပါဝင်နိုင်ရန်အတွက် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (Human Rights Foundation of Monland – HURFOM) နှင့် မွန်လူငယ်ပညာပေးအဖွဲ့ (Mon Youth Educator Organization – MYEO) တို့က European Partnership for Democracy (EPD)၊ People in Need နှင့် လောက အလင်း (Loka Ahlinn) မှတဆင့် ဥရောပသမဂ္ဂ (European Union) ၏ ထောက်ပံ့မှုဖြင့် မွန်ပြည်နယ် အတွင်း မူးယစ်ဆေးဝါးပြဿနာနှင့်ပတ်သက်သော ပညာပေးအစီအစဉ်တစ်ခုကို လုပ်ဆောင်လျက်ရှိရာတွင် ဤအစီရင်ခံစာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဤအစီရင်ခံစာတွင် မူးယစ်ဆေးဝါးပြဿနာကို နိစ္စဓူဝ နဖူးတွေ့ဒူးတွေ့ကြုံတွေ့နေရသော ပြည်သူများ၏ ရင်ဖွင့်စကားသံများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ သဘောထားအမြင်များ၊ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရာတွင် အဓိကကျသော အာဏာပိုင်အဖွဲ့အစည်းများ၏ အတွေ့အကြုံများ၊ ဥပဒေပညာရှင်များ၏ အကြံပြုချက်များနှင့် မူးယစ်ဆေးဖြတ် ကုသမှုဌာနတွင် လုပ်ကိုင်လျက်ရှိသော စိတ်ကျန်းမာရေး ဆရာဝန် ကြီး၏ ရှင်းလင်းပြောကြားချက်များကို စုစည်းဖော်ပြထားသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဤအစီရင်ခံစာသည် သုတေသနစာတမ်း သို့မဟုတ် စစ်တမ်းကောက်ယူမှုစာတမ်း တစ်ခုထက် ပြည်သူများက ၎င်းတို့ကြုံတွေ့နေရသော မူးယစ်ဆေးပြဿနာအကြောင်းကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ပြောဆိုချက်တစ်ခုအဖြစ်သာ ရှုမြင်စေချင်ပါသည်။ ပြည်သူတို့၏ စကားသံကို နားဆင်ပြီးသည့်နောက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များအနေဖြင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာ ကို ဖြေရှင်းရာတွင် နည်းလမ်းသစ်တစ်စုံတရာ ရရှိလာမည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းနှင့် မွန် လူငယ်ပညာပေးအဖွဲ့တို့က ယုံကြည်ပါသည်။

## အစီရင်ခံစာပြုစုပုံ

ဤအစီရင်ခံစာအတွက် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းနှင့် မွန်လူငယ်ပညာပေးအဖွဲ့တို့က ဝန်ထမ်း အင်အား (၆) ယောက် အသုံးပြုခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိ (၃) လတာ လုပ်ကိုင် ဆောင်ရွက်ခဲ့သည်။ မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်များရှိ ရပ်ကွက်နှင့် ကျေးရွာပေါင်း (၁၅) ရပ်ကွက်/ရွာမှ ဒေသခံပြည်သူ (၃၄) ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။

ထိုတွေ့ဆုံမှုတွင် မူးယစ်ဆေးအမှန်တကယ်သုံးစွဲနေသူ သို့မဟုတ် ဆေးသုံးစွဲဖူးသူ ဒေသခံလူငယ် (၉) ဦး၊ ၎င်းတို့၏ မိဘဆွေမျိုးနှင့် အသိမိတ်ဆွေ (၁၅) ဦး၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ (၂) ဦး၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့မှ (၁) ဦး၊ မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့မှ (၁) ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၄) ဦး၊ တရားလွှတ်တော်ရှေ့နေ (၁) ဦးနှင့် စိတ်ကျန်းမာရေးအထူးကုဆရာဝန် (၁) ဦးတို့ ပါဝင်သည်။

တွေ့ဆုံမေးမြန်းရာတွင် မူးယစ်ဆေးအမှန်တကယ်သုံးစွဲခဲ့သူ သုံးစွဲနေသူများကို သိရှိမေးမြန်းနိုင်ရန် ခက်ခဲ ခြင်း၊ လွဲမှားသော အရှက်တရားနှင့် အကြောက်တရားတို့ကြောင့် မူးယစ်ဖြစ်စဉ်များကို ဖုံးကွယ်ကာ ဖြေကြားရန် ငြင်းဆန်ခြင်း၊ လိမ်ညာဖြေကြားခြင်းစသည့် အခက်အခဲများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရ သည်။



# အခန်း (၁)
# မူးယစ်ဆေးဝါး စတင်သုံးစွဲမိသည့် အကြောင်းရင်း

ဤကဏ္ဍအတွက် မူးယစ်ဆေးဝါး[၁]ကို အမှန်တကယ်သုံးစွဲခဲ့သူများ[၂]၊ ၎င်းတို့၏ မိတ်ဆွေသူငယ်ချင်းများနှင့် နီးစပ်ရာ အသိုင်းအဝိုင်းများကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံမေးမြန်းပြီး အချက်အလက်များ ရယူခဲ့ခြင်း ဖြစ်သည်။

မူးယစ်ဆေးစတင်သုံးစွဲမိသည့် အကြောင်းရင်းများစွာ ရှိသည့်အနက် မူးယစ်ဆေးသုံးစွဲခဲ့သူများ၏ ဖြေကြားချက်အရ သုံးစွဲသူများ၏ ရာခိုင်နှုန်း (၉၀) ကျော်မှာ သူငယ်ချင်း မိတ်ဆွေ အပေါင်းအသင်းကြောင့် စတင်သုံးစွဲဖြစ်ခဲ့ကြောင်း သိရသည်။

"ပထမဆုံး ကျွန်တော်သုံးဖြစ်တုန်းက သူငယ်ချင်းက ခေါ်တာပေါ့။ ဘယ်လိုသုံးဖြစ်လဲဆိုတော့ သူငယ်ချင်းတွေကို အဖော်လိုက်ရင်းနဲ့ ကိုယ့်ရွာအနေအထားကြောင့် သုံးစွဲဖြစ်ခဲ့တယ်။ ရွာအနေအထားက လူငယ်တွေအတွက် ပျက်စီးဖို့ လွယ်နေတယ်။ 'ကဲ ဒီဟာ သုံးကြည့်မလား၊ နည်းနည်းထူးတယ်၊ ဘာညာပေါ့' သူငယ်ချင်းက အဲဒီလိုပြောလာတော့ စမ်းကြည့်မိခဲ့တယ်" ဟု ရေးမြို့နယ်၊ မင်းလှကျေးရွာမှ အသက် (၂၈) နှစ်အရွယ်ရှိ မင်း----- က ပြောပါသည်။



၁ မူးယစ်ဆေးဟုဆိုရာ၌ မွန်ပြည်နယ်တွင် အဓိကသုံးစွဲနေကြသော methamphetamine ပါဝင်သော WY ဆေးပြားများနှင့် ဘိန်းစာရွက်ဟုခေါ်သော Kratom Leaf ကို ကျိုချက်ပြီး ချောင်းဆိုးပျောက်ဆေး၊ Coffee Mix စသည်တို့နှင့် ရောနှောကာ သောက်သုံးကြသည့် အရည်တစ်မျိုးမျိုးကို အဓိကဆိုလိုရင်းဖြစ်သည်။

၂ တွေ့ဆုံမေးမြန်းချက်အရ မွန်ပြည်နယ် မုဒုံ၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်ရှိ ကျေးရွာများတွင် အသက် (၁၄) နှစ်မှ (၄၀) နှစ်အကြားရှိ ကျေးရွာနေပြည်သူများ၏ မူးယစ်ဆေးသုံးစွဲမှုမှာ အဆိုပါအသက်အပိုင်းအခြားရှိ လူဦးရေ၏ (၁၀) ရာခိုင်နှုန်းမှ (၇၅) ရာခိုင်နှုန်းအထိ ရှိနေကြောင်း သိရှိရသည်။

"ဆေးသုံးတဲ့သူငယ်ချင်းတွေနဲ့ ပေါင်းပြီး ဆေးသုံးဖြစ်သွားတယ်။ သူတို့က စိန်ခေါ်တော့ ကိုယ်လည်း အဲ အချိန်တုန်းက မခံချင်စိတ်နဲ့ စသုံးဖြစ်တာပေါ့" ဟု သံဖြူဇရပ်မြို့နယ်၊ ဝါခရူကျေးရွာမှ မင်း------- က ပြော ပါသည်။

"ကျွန်တော်အသက် (၁၆) နှစ်အရွယ် ကျောင်းနေချိန်ကတည်းက သုံးလာတာ။ အခုချိန်ထိ ဆေးသုံးနေတုန်း ပါပဲ။ အခုကျွန်တော်အသက်က (၂၄) နှစ်ဆိုတော့ သုံးလာခဲ့တာ (၈) နှစ်လောက်ရှိနေပြီ။ ဘယ်လိုစသုံးဖြစ် လဲဆိုတော့ ကျောင်းနေတဲ့အရွယ် လူပျိုပေါက်စဆိုတော့ သူငယ်ချင်းတွေ သုံးနေတာတော့ သိတယ်။ အဲဒီ အချိန်မှာ ကျွန်တော်စပြီး စမ်းကြည့်မိတယ်။ သူငယ်ချင်းတွေ သုံးတော့ ကိုယ်လဲသုံးမိတဲ့သဘောပေါ့လေ" ဟု သံဖြူဇရပ်မြို့နယ်မှ အသက် (၂၄) နှစ်အရွယ် မင်း----- က ပြောပါသည်။

လူငယ်သဘာဝ အသစ်အဆန်းများကို စမ်းသပ်လိုခြင်း၊ အပျော်အပါး ခုံမင်ခြင်းနှင့် ပွဲလမ်းသဘင်လိုက်စား ခြင်းကြောင့် သုံးစွဲကြသည်များလည်း ရှိသည်။

"အရင်က ကိုယ်တိုင်သုံးဖူးတယ်။ လူငယ်ဆိုတာ အရင်သုံးကြည့်တယ်။ ကောင်းလား၊ မကောင်းဘူးလားဆို တာ နောက်တော့မှ ပြန်ချိန်ကြည့်တာပေါ့။ ပွဲတွေဘာတွေသွားရင် သုံးတယ်။ သုံးလိုက်ရင် မအိပ်ချင်တော့ ဘူး။ သုံးနှစ်လောက် သုံးဖြစ်တယ်" ဟု ရေးမြို့နယ်၊ မင်းလှကျေးရွာမှ မူးယစ်ဆေးသုံးစွဲဖူးသူ မင်း----- ၊ အသက် (၂၇) နှစ်က ပြောပါသည်။

ငွေကြေးသုံးစွဲနိုင်ခြင်းသည်လည်း မူးယစ်ဆေးဝါးနှင့် စတင်ထိတွေ့ရန် အကြောင်းရင်းတစ်ရပ် ဖြစ်နေ ကြောင်း သံဖြူဇရပ်မြို့နယ်၊ ဝါခရူကျေးရွာမှ မင်း------- က ပြောပါသည်။

"သုံးတဲ့ကာလကတော့ (၂) နှစ်လောက်တော့ ရှိတယ်။ ဆေးသုံးတာကြာတော့ ကိုယ်တိုင်က ဆေးစွဲသွားတာ ပေါ့။ အမေက ပိုက်ဆံပေးတာများလို့ သုံးစွဲဖြစ်လာတယ်။ ခိုးတာတော့မရှိဘူးပါဘူး။ ကိုယ့်မှာရှိတဲ့ဟာတွေ ရောင်းပြီး ဆေးသုံးတယ်" ဟု အသက် (၂၅) နှစ်အရွယ် လူငယ်က ပြောပါသည်။

ပတ်ဝန်းကျင်အနေအထားသည် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲရန်အတွက် လွယ်ကူနေခြင်း၊ ကျေးရွာများ တွင် မူးယစ်ဆေးပြားများ အလွယ်တကူ ဝယ်ယူရရှိနေခြင်းကြောင့် မူးယစ်ဆေးသုံးစွဲသူ လူငယ်များ ပိုမို များပြားလာသည်။

အချို့သုံးစွဲသူလူငယ်များသည် မူးယစ်ဆေးသုံးစွဲခြင်းက အလုပ်လုပ်ရာတွင် ခွန်အားပိုပြည့်သည်၊ အကျိုးပို ထိရောက်သည်ဟု လွဲမှားစွာ ထင်မြင်ယူဆသဖြင့် သုံးစွဲကြသည်များလည်း ရှိသည်။

"သုံးပြီးရင် အလုပ်နဲ့ပတ်သက်တာ အကျိုးပေးတယ်။ ဒါပေမယ့် ဆိုးကျိုးတွေလည်း ရှိတယ်။ ကိုယ်က သဘောကျနေတော့ အဲဒီလိုပဲ အလုပ်အတွက် အကျိုးတွေပေးနေတယ်ဆိုတော့ ကြိုက်လို့ သုံးဖြစ်နေတယ်" ဟု အသက် (၂၈) နှစ်အရွယ် မင်းလှရွာသားတစ်ဦးက ပြောပါသည်။

"တစ်မြို့ပြီး တစ်မြို့၊ တစ်ရွာပြီး တစ်ရွာ ပွဲကရတော့ အိပ်ရတဲ့အချိန်က သိပ်မရှိဘူး။ အဲတော့ ညဘက် အိပ်ရေးပျက်လာတော့ ပွဲမှာရှိတဲ့ လူကြီးတွေက ဒီဆေးက မအိပ်တဲ့ဆေး၊ လူကို လန်းဆန်းစေတယ်ဆိုတော့

အဲအချိန်ကစပြီး ဆေးစသုံးဖြစ်ခဲ့တယ်။ တစ်နှစ်လုံး နေ့တိုင်းသုံးဖြစ်တဲ့အထိ ဖြစ်ခဲ့တယ်" ဟု မော်လမြိုင်မြို့က အသက် (၂၉) နှစ်အရွယ် ဇာတ်မင်းသားတစ်ဦးက ပြောပါသည်။

အစပိုင်းတွင် အပျော်သဘောဖြင့်လည်းကောင်း၊ အသစ်အဆန်းအဖြစ် စမ်းသပ်လို၍လည်းကောင်း၊ အလုပ်ပိုမိုလုပ်ကိုင်နိုင်ရန်အတွက်လည်းကောင်း သုံးစွဲခဲ့ကြသော်လည်း နောက်ပိုင်းတွင် မူးယစ်ဆေးကို မသုံးရလျှင် မနေနိုင်သည့် စွဲလမ်းသည့်အခြေအနေသို့ ရောက်ရှိလာခဲ့ကြသည်။

"အဲဒီအချိန်ကစပြီးတော့ နောက်ပိုင်းမှာ ဆေးစွဲသွားတယ်လို့ ပြောရမှာပေါ့။ သူငယ်ချင်းတွေ မရှိလည်း ကိုယ်တစ်ယောက်တည်း သုံးဖြစ်လာတယ်" ဟု သံဖြူဇရပ်မြို့နယ်မှ အသက် (၂၄) နှစ်အရွယ် လူငယ်တစ်ဦးက ပြောပါသည်။

"သူတို့သူငယ်ချင်း အချင်းချင်းသုံးနေတာကြောင့် ကိုယ့်ဘက်ကလည်း သုံးချင်တဲ့စိတ် အလိုလိုပေါ်လာတယ်။ ဒီလိုစိတ်ပေါ်လာကြောင့် စပြီးစမ်းကြည့်ချင်လာတယ်။ စမ်းရင်းစမ်းရင်းနဲ့ ကြာလာတော့ လူက စွဲလာပြီး မရပ်နိုင်တဲ့အထိ ဖြစ်လာတယ်။ နောက်တော့ နှစ်နဲ့ကြာလာတဲ့အထိ သုံးလာကြတယ်" ဟု ဝါခရူကျေးရွာမှ အသက် (၂၃) နှစ်အရွယ် လူငယ်တစ်ဦးက ပြောပါသည်။

"၂၀၀၈ ခုနှစ်မှာ စင်ကာပူမှာ အလုပ်လုပ်ရင်းနဲ့ သူငယ်ချင်းတွေနဲ့ပေါင်းပြီး ဆေးစသုံးဖြစ်ခဲ့တယ်။ စစချင်းမှာ ချောင်းဆိုးပျောက်ဆေးတွေသောက်ပြီး စားဝင်အိပ်ပျော်လာတယ်။ အလုပ်ပြီးတဲ့အချိန် ညဘက်မှာ သူငယ်ချင်းတွေနဲ့ ပေါင်းပြီး နေ့တိုင်းသုံးဖြစ်လာတယ်။ ကြာလာတော့ အရင်သုံးတဲ့ ဆေးက ပျော့နေလို့ မြင်းဆေး(WY ဆေးပြား)ကို စသုံးလာတယ်။ စင်ကာပူကနေ ရွာကို ပြန်ရောက်တော့လည်း သူငယ်ချင်း မင်္ဂလာဆောင်တွေ၊ ပွဲလမ်းသဘင်တွေ၊ အလှူပွဲတွေမှာ သုံးဖြစ်သေးတယ်။ (၄) နှစ်လောက် ဆေးသုံးခဲ့တယ်" ဟု မော်လမြိုင်မှ အသက် (၃၅) နှစ်အရွယ် မင်း------- က ပြောပါသည်။

ဝိသမလောဘ စီးပွားရေးသမားများကြောင့် မူးယစ်သားကောင်ဖြစ်ခဲ့ရသော လူငယ်များလည်း ရှိကြောင်း အငြိမ်းစားကျောင်းအုပ်ကြီးတစ်ဦးက ပြောပြပါသည်။

"အဓိကက စီးပွားရေးသမားတွေက ပထမဆုံး ဆေးကို အလကားပေးတယ်။ ဆေးစွဲပြီးတဲ့အချိန်မှာမှ ဆေးကို ဈေးတင်ပြီးတော့ ရောင်းတဲ့ပုံစံတွေ ရှိတယ်။ ... ကလေးတွေက သူတို့သူငယ်ချင်းတွေဆုံတဲ့အခါကျရင် နေ့တိုင်းသုံးလေ့ရှိတယ်။ သူတို့ဆေးသုံးသမားအချင်းချင်းဆိုတာကတော့ လူစုမိရင် တစ်နေရာရာမှာ ချိန်းပြီး သုံးတာရှိတယ်။ ဥပမာပြောမယ်ဆိုရင် ခြံထဲမှာသွားသုံးကြတယ်၊ တစ်ချို့တွေက ဇရပ်တွေ သင်္ချိုင်းကုန်းတွေမှာ သွားသုံးကြတယ်" ဟု ဦး----- (အငြိမ်းစားကျောင်းအုပ်ကြီး)၊ မော့ကနင်ကျေးရွာ၊ ရေးမြို့နယ်က ပြောပါသည်။

အထက်ဖော်ပြပါ ဖြေကြားချက်များအရ လူငယ်သဘာဝ အသစ်အဆန်းကို စူးစမ်းလိုခြင်း၊ အပျော်အပါးလိုက်စားခြင်း၊ အပေါင်းအသင်းခုံမင်ခြင်း၊ အနီးအနားပတ်ဝန်းကျင်တွင် မူးယစ်ဆေးများ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ ပတ်ဝန်းကျင်အခြေအနေက မူးယစ်ဆေးသုံးစွဲရန် အားပေးနေခြင်း၊ ဝိသမလောဘ စီးပွားရေးသမားများက လူငယ်များကို ပစ်မှတ်ထားအသုံးချနေခြင်း စသည်တို့သည် လူငယ်များ မူးယစ်ဆေးစတင်သုံးစွဲရသည့် အကြောင်းတရားများဖြစ်ကြောင်း သိရှိရသည်။

# အခန်း (၂)
# မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲပြဿနာများ

ဤကဏ္ဍအတွက် မူးယစ်ဆေးအမှန်တကယ်သုံးစွဲခဲ့သူများ၏ မိဘများနှင့် မိသားစုဝင်များကို အဓိကထား မေးမြန်းခဲ့သည်။

**(က) ကျန်းမာရေးပြဿနာများ**

မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ကျန်းမာရေးအခြေအနေ ဆိုးရွားလာသဖြင့် လုပ်နေကျအလုပ်အကိုင်များကို မလုပ်ဆောင်နိုင်သည့်အပြင် ဆေးကုသမှုစရိတ်ကြောင့်လည်း ငွေကုန်ကြေးကျ များခဲ့ရသည်။

"ဆေးမသုံးခင်တုန်းကဆိုရင် အလုပ်တအားလုပ်တယ်။ ဆေးသုံးလာတော့ ကြာလာတဲ့အခါ ပိန်လာတယ်၊ အားနည်းလာတယ်။ မော်လမြိုင် စိတ်ကျန်းမာရေး ဆေးရုံမှာ (၁၀) ရက်ထက် ဆေးကုပြီး ဆေးဖြတ်ခဲ့တယ်။ အိမ်ပြန်ရောက်တာ နှစ်ရက်သုံးရက်က ကောင်းနေသေးတယ်။ ဆေးအာနိသင်ကြောင့်ပေါ့။ ဆေးပြယ်လာတော့ ပြန်သုံးလာတာပဲလေ။ မူးယစ်ဆေးဖြတ်တဲ့ဌာနမှာ ဆေးဖြတ်တာ ရှိပါတယ်။ နှစ်နဲ့ ချီပြီးဖြတ်တယ်။ ရွာသာကြီးမှာ ဆေးကုတာ သိန်း (၂၀) (၃၀) လောက် ကုန်ပါတယ်" ဟု မုဒုံမြို့နယ် နီးပဒေါကျေးရွာမှ မူးယစ်ဆေးသုံးစွဲသူတစ်ဦး၏ အသက် (၅၇) အရွယ်ရှိ အဖိုးဖြစ်သူက ပြောပါသည်။

မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ပြောင်းလဲလာခြင်းများလည်း ရှိလာခဲ့သည်။

“ဆေးသုံးပြီးရင် သူတို့ပါးစပ်(စားချင်သောက်ချင်စိတ်)က ပုံမှန်လူနဲ့ မတူတော့ဘူး။ ထမင်းစားနည်းသွားတယ်။ ဆေးကိုပဲ စွဲနေတော့ ထမင်းစားတဲ့အချိန်လည်း မရှိဘူး။ ပိုပြီး အိုသွားတယ်" ဟု ရေးမြို့နယ် မော့ကနင်ကျေးရွာမှ အသက် (၆၀) နှစ်အရွယ်ရှိ ဒေါ်----------- က ပြောပါသည်။



"ကိုယ်ကာယ မကြံ့ခိုင်တော့ဘူး။ ဆေးတစ်ခုပဲ သုံးတော့တယ်။ ပိန်လာတယ်။ ထမင်းစားနည်းလာတယ်" ဟု ရေးမြို့နယ် ကျောင်းရွာကျေးရွာအုပ်စု ငါးကလေးချောင်းရွာမှ နိုင်---------- (အသက် (၅၀) နှစ်) က ပြောပါသည်။

"မူးယစ်ဆေးသုံးရင် လူက အသားအရည် ခြောက်သွေ့လာတယ်။ စားမဝင် အိပ်မပျော်ဖြစ်လာတယ်။ အလုပ်အကိုင်လည်း စိတ်မဝင်စားတော့ဘူး။ ... သွေးအားနည်းလာတယ်" ဟု မုဒုံမြို့နယ် တောင်ပကျေးရွာမှ မူးယစ်ဆေးသုံးစွဲနေသူတစ်ဦး၏ အသက် (၅၀) နှစ်အရွယ် ဖခင်ဖြစ်သူက ပြောပါသည်။

မူးယစ်ဆေးကြောင်း စိတ်ပိုင်းဆိုင်ရာ အခြေအနေများလည်း ယိုယွင်းပျက်စီးလာခဲ့သည်။

"သူ ကြောင်နေတယ်။ တစ်ယောက်ယောက်က သူ့ကို စကားပြောနေတယ်လို့ သူထင်နေတယ်။ ... အိပ်လည်း မအိပ်ရဲဘူး၊ သူကြောက်နေတယ်။ အမေက ဘုရားစာရွတ်ပြီး သူ့ကို သိပ်လိုက်တယ်။ သူအိပ်ပျော်သွားပြီး ခဏနေပြန်ကြည့်တော့ အိမ်အောက်အမှောင်ထဲမှာ သူတစ်ယောက်တည်း ထိုင်နေတယ်" ဟု မော့ကနင်ကျေးရွာမှ အသက် (၅၆) နှစ်အရွယ်ရှိ မိခင်ဖြစ်သူက ပြောပါသည်။

"ဘယ်လောက်အထိဖြစ်လဲဆိုရင် အသံတစ်ခုခုကြားတိုင်း သူများတွေက ကိုယ့်ကို ပြောနေသလို ခံစားရတယ်။ အသံတစ်ခုခုကြားတိုင်း ဟိုဘက်ဒီဘက်လိုက်ကြည့်မိတယ်။ တစ်ခါတလေကျတော့လည်း အဝေးဆုံးကို ထွက်ပြေးသွားချင်တဲ့စိတ်တွေ ဖြစ်မိတယ်။ အသံကြားလို့မရဘူး။ ကိုယ့်ကို တစ်ခုခုလာလုပ်နေသလိုမျိုး ခံစားနေရတယ်။ ဖြစ်ချင်သလို ဖြစ်နေတာပဲ" ဟု သံဖြူဇရပ်မှ အသက် (၂၄) နှစ်အရွယ် မူးယစ်ဆေးသုံးစွဲနေသူတစ်ဦးက ပြောပါသည်။

### (ခ) စီးပွားရေးပြဿနာများ

မူးယစ်ဆေးသုံးစွဲနေသူများသည် အလုပ်အကိုင်များကို ပုံမှန်အတိုင်း မလုပ်ဆောင်နိုင်သည့်အပြင် ရရှိလာသော ဝင်ငွေများကိုလည်း မူးယစ်ဆေးဝယ်ယူရာတွင် သုံးစွဲနေရခြင်းကြောင့် မိသားစုဝင်များကို ပြန်လည်ထောက်ပံ့နိုင်ခြင်း မရှိချေ။ ဝင်ငွေအများစုကို မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုနေရသဖြင့် မိသားစု စားဝတ်နေရေးလည်း ထိခိုက်လာခဲ့သည်။

"အမေက ဟင်းသီးဟင်းရွက်ရောင်းတာ တစ်နေ့မှ နှစ်သောင်း သုံးသောင်း ရတယ်။ သားက ဆေးသုံးနေတဲ့အတွက် သူ့ကိုလည်း ပေးရမယ်ဆိုတော့ စီးပွားရေးက အရမ်းထိခိုက်သွားတယ်။ မပေးရင်လည်း သူက သောင်းကြမ်းတယ်။ ဈေးမှာလည်း ဟင်းသီးဟင်းရွက်ဆိုင်ကို သူ ခြေထောက်နဲ့ ကန်ပစ်လိုက်တယ်" ဟု ရေးမြို့နယ် မော့ကနင်ကျေးရွာမှ အသက် (၄၉) နှစ်အရွယ်ရှိ ဒေါ်------ က ပြောပါသည်။

"သူတို့အိမ်ထောင်ရေးက ဘာတစ်ခုမှ အဆင်မပြေဘူး။ တစ်နေ့ (၅) သောင်း ရတယ်။ (၃) သောင်းလောက်က ဆေးသုံးဖို့ သုံးလိုက်တယ်ဆိုတော့ စားစရိတ်ကို မိဘဆီကနေ ပြန်ယူနေရတယ်။ ကိုယ့်ရှေ့မှာ ရှိနေတော့လည်း ကျွေးမွေးနေရတာပေါ့" ဟု မုဒုံမြို့နယ် နီးပဒေါကျေးရွာမှ ဦး------- က ပြောပါသည်။

မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ငွေကြေးအမြဲတမ်းလိုအပ်နေသဖြင့် မိသားစုအသုံးအဆောင်ပစ္စည်းများကို ပေါင်နှံခြင်း၊ ရောင်းချခြင်းများလည်း ပြုလုပ်လာခဲ့ကြသည်။

"သူ့အတွက် အသုံးစရိတ်မရှိတော့ရင် သူ တစ်ခုခု သွားရောင်းတယ်။ ဆိုင်ကယ်တွေ ဖုန်းတွေ အပေါင်ဆိုင်ပို့တယ်။ ဖုန်း (၂) လုံး ပေါင်လိုက်တယ်။ ဆိုင်ကယ်လည်း (၂) ခါလောက် ပေါင်လိုက်တယ်။ ဆိုင်ကယ်တန်ဖိုးက (၁၀) သိန်းကျော်ပေမယ့် သူပေါင်လိုက်တာကတော့ (၃) သိန်းလောက်ပဲ။ ... သူဆေးသုံးပြီးရင် အလုပ်မလုပ်ဘူး" ဟု နှီးပဒေါ်ကျေးရွာမှ ဦး------- က ပြောပါသည်။

"ခြံကထွက်တဲ့ ကွမ်းသီးတွေ သံပုရာသီးတွေကို ခူးပြီးတော့ ရောင်းတယ်။ ပြီးတော့ ဆေးဝယ်တယ်။ သူ့ကို ပိုက်ဆံမပေးနိုင်ရင် ရှိတဲ့ဟာရောင်းဆိုပြီး မိဘတွေကို ပြန်ပြောတယ်" ဟု ငါးကလေးချောင်းကျေးရွာမှ အသက် (၅၀) အရွယ်ရှိ ဖခင်တစ်ဦးက ပြောပါသည်။



"ဈေးရောင်းလည်း အကြွေးတင်တယ်။ မော်လမြိုင်ဈေးမှာလည်း အကြွေးတင်ထားတယ်။ အကြွေးက (၁၇) သိန်းလောက် ရှိတယ်။ လပြည့်ရောက်တိုင်း အကြွေးကို ဆပ်နေရတယ်။ ဒီသောကကို မခံစားနိုင်တော့ဘူး" ဟု မော့ကနင်ကျေးရွာမှ အသက် (၅၆) နှစ်အရွယ်ရှိ မိခင်တစ်ဦးက ပြောပါသည်။

**(ဂ) ပညာရေးပြဿနာများ**

မူးယစ်ဆေးစွဲလမ်းခြင်းကြောင့် ကျောင်းဆက်တက်နိုင်ခြင်းမရှိဘဲ ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်လိုက်သူများ ပိုမိုများပြားလာသဖြင့် မိဘတို့၏ ပညာရေးဆိုင်ရာ ရည်မှန်းချက်များ ပျက်စီးခဲ့ရသည်။

“ဆေးသုံးပြီးနောက်ပိုင်း ပညာရေးကို စိတ်မဝင်စားတော့ဘူး။ အရမ်းဆိုးလာတယ်။ ကိုယ့်ဘာသာကိုယ် ကျောင်းထွက်လိုက်ရတာလည်း ရှိတယ်။ (၇) တန်း (၈) တန်း က ပိုများတယ်။ အသက်ကျတော့ (၁၄) နှစ်၊ (၁၅) နှစ်လောက်ပေ့ါ။ သားသမီးအပေါ်ထားတဲ့ မိဘတစ်ယောက်ရဲ့ မျှော်မှန်းချက်တွေရော သူတို့ကိုယ်တိုင်ရဲ့ ရည်မှန်းချက်တွေပါ အများကြီးထိခိုက်နစ်နာသွားတယ်။ ဆေးသုံးပြီး ဘဝပျက်တာပဲ များတယ်” ဟု နီးပဒေါ ကျေးရွာမှ မူးယစ်ဆေးသုံးစွဲသူတစ်ဦး၏ အသက် (၅၇) နှစ်အရွယ်ရှိ အဖိုးဖြစ်သူက ပြောပါသည်။

“အသက် (၁၆) နှစ် (၇) တန်း တက်တဲ့အချိန်မှာ သားက မူးယစ်ဆေး စသုံးတတ်လာတယ်။ စစသုံးတာက အလကားရလို့။ သုံးတတ်လာပြီးနောက်ပိုင်း သူက ကျောင်းမနေချင်တော့ဘူး။ ထပ်ခါထပ်ခါ ကျောင်းပြေး လာတယ်။ နောက်တော့ နှစ်လယ်လောက်မှာ သူကိုယ်တိုင် ကျောင်းထွက်လိုက်တယ်” ဟု ရေးမြို့နယ် မော့ကနင်ကျေးရွာမှ မူးယစ်ဆေးသုံးစွဲသူတစ်ဦး၏ အသက် (၄၉) နှစ်အရွယ်ရှိ မိခင်ဖြစ်သူက ပြောပါသည်။

“ရွာမှာ (၁၀) တန်း တက်နေတယ်။ ကျောင်းတက်တဲ့အချိန်မှာ သူငယ်ချင်းတွေနဲ့ပေါင်းပြီး မူးယစ်ဆေးသုံး တော့ ချောင်းဆုံကအထက်တန်းကျောင်းကို ပြောင်းလိုက်တယ်။ ချောင်းဆုံမှာနေတာက ပိုဆိုးသွားတယ်။ နောက်နှစ်တော့ ရန်ကုန်ကို ပြောင်းလိုက်တယ်။ ရန်ကုန်မှာ တစ်လလောက်နေပြီး သူပြန်ပြေးလာတယ်။ နောက်တော့ ကျောင်းထွက်လိုက်ရတယ်။ အသက် (၁၆) နှစ်မှာ ဆေးစသုံးတယ်၊ (၁၇) နှစ်မှာ ကျောင်းထွက် လိုက်ရတယ်” ဟု မော့ကနင်ကျေးရွာမှ အသက် (၆၀) နှစ်အရွယ်ရှိ မိခင်တစ်ဦးက ပြောပြပါသည်။

**(ဃ) လူမှုရေးပြဿနာများ**

မူးယစ်ဆေးသုံးစွဲခြင်းကြောင့် အကျင့်စာရိတ္တပျက်ပြားခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုကျူးလွန်ခြင်း၊ ပတ်ဝန်းကျင်နှင့် သဟဇာတမဖြစ်ခြင်းစသည့် လူမှုရေးပြဿနာ အမြောက်အမြားကို သုံးစွဲသူကိုယ်တိုင် သာမက မိသားစုဝင်များ၊ ဆွေမျိုးရင်းချာများနှင့် မိတ်ဆွေအပေါင်းအသင်းများကပါ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရ သည်။

“အစက မိဘက မသိတော့ ပေးတာပဲ။ နောက်တော့ သူတို့က အကြောင်းပြချက်ပေးလာတယ်။ ဟိုဟာဝယ် မယ်၊ ဒီဟာဝယ်မယ်ဆိုပြီးတော့ လိမ်လာတယ်။ ကြာလာတော့ ခိုးတယ်။ ... အမေက ပိုက်ဆံမပေးတော့ ပေး မလား၊ မပေးဘူးလားဆိုပြီးတော့ ဓားပြတိုက်သလို ဖြစ်လာတယ်” ဟု နီးပဒေါကျေးရွာ အသက် (၅၇) နှစ် အရွယ်ရှိ အဖိုးဖြစ်သူက ပြောပါသည်။

“အိမ်မှာလည်း ဗီဒိုသော့တွေဆို အရင်လို မထားရဲတော့ဘူး။ ဗီဒိုသော့ကိုလည်း သူဖျက်လိုက်တယ်။ ငွေက များတော့ သုံးလေးသောင်းလောက် ယူသွားရင် မသိဘူး။ တစ်သိန်းကျော်လောက်ယူတော့မှ သတိထားမိလာ တယ်” ဟု နီးပဒေါကျေးရွာမှ ဖခင်တစ်ဦးက ပြောပါသည်။

“အစက သူ ဆေးသုံးတာ မိဘပေးသလောက်ပဲ သုံးတယ်။ နောက်ပိုင်း မရတော့ဘူး၊ သူတောင်းသလောက် မပေးရင် သောင်းကျန်းတယ်။ သူ့အမေကိုလည်း သူဝင်ရိုက်တယ်။ အိမ်က ပစ္စည်းတွေကိုလည်း ရိုက်ခွဲတယ်။ မီးရှို့တယ်။ မောင်နှမတွေကိုလည်း သူရိုက်တယ်၊ ရန်ရှာတယ်” ဟု မော့ကနင်ကျေးရွာမှ အသက် (၄၉) နှစ် အရွယ်ရှိ မိခင်ဖြစ်သူတစ်ဦးက ပြောပါသည်။

“ပတ်ဝန်းကျင်မှာက ဆေးသုံးတဲ့သူ များတယ်လေ။ နေ့လည်းမအိပ် ညလည်းမအိပ်ဘူး။ ဆေးသုံးပြီးတော့ ဆိုင်ကယ်နဲ့ တဝီဝီဖြစ်နေတော့ ပတ်ဝန်းကျင်က မျက်စိနောက်တာပေါ့။ ဆေးသုံးဖို့ ပိုက်ဆံတောင်းတာ မရဘူးဆိုရင် အမေကိုလည်း ဓားနဲ့ဝင်ရိုက်တယ်၊ အိမ်မှာရှိတဲ့လူတွေကိုလည်း ရန်ရှာတယ်" ဟု အဆိုပါမိခင်က ဆက်ပြောပါသည်။

“သူအိမ်မှာရှိရင် အမေက တစ်နေ့မှ စိတ်မချမ်းသာရဘူး။ မိဘက တစ်အားဒုက္ခဖြစ်တယ်။ မိဘ မပေးနိုင်ရင် ခိုးတယ်။ အဲလိုနဲ့ မိဘ အကြွေးခေါင်းပေါ် ရောက်နေပြီ" ဟု မော့ကနင်ကျေးရွာမှ အသက် (၅၆) နှစ်အရွယ်ရှိ မိခင်ဖြစ်သူတစ်ဦးက ပြောပြပါသည်။

မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲပြဿနာများတွင် လူမှုရေးပြဿနာတစ်ခု ဖြစ်သည့် အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် အိမ်တွင်းအကြမ်းဖက်ခြင်းသည် အဆိုးရွားဆုံးဖြစ်ကြောင်း တွေ့ဆုံမေးမြန်းခြင်းများမှတဆင့် သိရှိနိုင်သည်။ ၎င်းပြင် ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးပြဿနာများသည်လည်း တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး အိမ်တစ်အိမ်တွင် မူးယစ်ဆေးသုံးစွဲသူတစ်ဦး ရှိလာပါက အဆိုပါပြဿနာများအားလုံး တစ်ခုခုပြီးတစ်ခု ဖြစ်ပေါ်လာသည်ကိုလည်း သုံးသပ်နိုင်သည်။



# အခန်း (၃)
# မူးယစ်ဆေးဖြတ် ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများ

မူးယစ်ဆေးသုံးစွဲသူများအနေဖြင့် ဆိုးကျိုးကို သိရှိပြီး မူးယစ်ဆေးဖြတ်ရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း ဆေးစွဲမှုကို မတွန်းလှန်နိုင်ခြင်း၊ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးကို အလွယ်တကူ ရရှိနေခြင်းကြောင့် အောင်မြင်မှု မရရှိတတ်ကြောင်း သိရသည်။

“ကျွန်တော် ဆေးစသုံးပြီးကတည်းက အခုချိန်အထိ နေ့စဉ်နဲ့အမျှ ဖြတ်ဖို့ ကြိုးစားဖြစ်တယ်။ ကိုယ့်ဘဝကိုလည်း ဒီဟာနဲ့ အဆုံးသတ်ဖို့ မစဉ်းစားထားဘူး။ ဒါပေမယ့် မပြတ်ဘူး။ ကိုယ့်ကိုယ်ကို နည်းနည်းပါးပါး ထိန်းသိမ်းလာနိုင်တာလောက်ပဲ။ ဆေးဖြတ်ဖို့က သူမရှိတဲ့နေရာ သူနဲ့ဝေးတဲ့နေရာတွေမှာ နေလိုက်ရင် ရတယ်။ သူနဲ့နီးတဲ့နေရာမှာ နေမယ်၊ သူရှိတဲ့နေရာကို သိနေမယ်ဆိုရင်တော့ စိတ်က အလိုလိုသုံးချင်နေတော့ သွားဝယ်မိတာပဲ" ဟု မူးယစ်ဆေးသုံးစွဲခဲ့သူ မင်းလှရွာသား အသက် (၂၈) နှစ်အရွယ် လူငယ်တစ်ဦးက ပြောပါသည်။

“အခုချိန်ထိတော့ မဖြတ်နိုင်သေးဘူး။ ကျွန်တော်ကတော့ ဆေးစွဲနေပြီလေ။ ကျွန်တော့်တစ်ယောက်တည်းအတွက်တော့ ဖြတ်ရခက်တယ်။ ဘယ်လိုဖြတ်ရမလဲဆိုတာ စဉ်းစားလို့ မရဘူး။ ဆေးသုံးဖို့ကိုပဲ စဉ်းစားနေတယ်" ဟု သံဖြူဇရပ်မြို့မှ မူးယစ်ဆေးသုံးစွဲနေသူ အသက် (၂၄) နှစ်အရွယ် လူငယ်တစ်ဦးက ပြောပါသည်။



မူးယစ်ဆေးသုံးစွဲမှုကြောင့် ပြစ်ဒဏ်ကျခံရမည်ကို စိုးရိမ်ကြောက်ရွံ့ပြီး မူးယစ်ဆေးဖြတ် ကုသရန် စနစ်တကျ မကြိုးစားဘဲ သုံးစွဲမှုသံသရာတွင် လည်ပတ်နေကြသူ လူငယ်များလည်း အမြောက်အမြား ရှိသည်။

"ကျွန်တော်တို့က ဆေးသုံးတဲ့သူကို ရဲက ဖမ်းမယ်ဆိုတာတစ်ခုပဲ သိတယ်" ဟု မော်လမြိုင်မှ အသက် (၂၉) နှစ်အရွယ် ဇာတ်မင်းသားတစ်ဦးက ပြောပါသည်။

"ကျွန်တော့်ဘဝကို ဒီလိုရှေ့ဆက်လို့ မရဘူးဆိုတာကို သိတယ်။ ဖြတ်ရမယ် ဘာညာပေါ့ ကိုယ့်စိတ်ကို တွန်းအားပေးတယ်။ ဒါပေမယ့် ဆေးသုံးပြီး တစ်ရက်လောက်နားလိုက်ရင် နောက်ရက်ကျ ဖြတ်ချင်တဲ့စိတ်တွေ ပျောက်သွားတယ်။ သုံးချင်တဲ့စိတ်ပဲ ဖြစ်နေတယ်" ဟု သံဖြူဇရပ်မြို့မှ အသက် (၂၄) နှစ်အရွယ်ရှိ မူးယစ်ဆေးသုံးစွဲသူတစ်ဦးက ပြောပါသည်။

မူးယစ်ဆေးဖြတ် ကုသရာတွင် လွဲမှားနေသော အရှက်တရားသည်လည်း အဟန့်အတားတစ်ခု ဖြစ်လျက်ရှိသည်။

"တစ်ချို့ကျတော့ ကိုယ့်သားသုံးနေတာကို ဖုက်ထားကြတယ်။ ကျွန်တော့်သားနဲ့ သူ့သူငယ်ချင်း ဆေးသုံးနေတာကို သိတော့ သားသမီးချင်းစာနာစိတ်နဲ့ ထိန်းသိမ်းနိုင်ဖို့ သူ့သူငယ်ချင်းရဲ့ မိဘတွေကို သွားပြောပြတယ်။ အဲဒီလိုပြောပြတော့ 'သူ့သားက ဆေးမသုံးဘူး။ အဲလိုလျှောက်ပြောနေရင် တရားစွဲမယ်' လို့ ပြန်ပြောလာတယ်" ဟု နီးပဒေါကျေးရွာမှ ဖခင်တစ်ဦးက ပြောပြပါသည်။



တရားဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် အကျင့်ပျက်ခြစားမှုများ ဖြစ်ပွားနေခြင်းကြောင့် မူးယစ်ဆေးများကို အလွယ်တကူရရှိနေခြင်းက လူငယ်များ မူးယစ်ဆေးဖြတ် ကုသရန် အဓိကအခက်အခဲတစ်ခုလည်း ဖြစ်နေပြန်ပါသည်။

“ဒီရွာကို တကယ်လို့ လုံလုံခြုံခြုံ စောင့်ကြည့်နေရင် ဒီဆေးက ရွာကို ဝင်လာစရာ အကြောင်းမရှိဘူး။ လာဘ်ပေးလာဘ်ယူက အဓိကရန်သူပဲ။ လာဘ်ပေးလာဘ်ယူကြောင့်လည်း မူးယစ်ဆေးတွေ ရွာထဲကို အများကြီးရောက်လာတယ်။ အုပ်ချုပ်မှုအပိုင်းမှာ အားနည်းတယ်။ တကယ်လို့ အုပ်ချုပ်ရေးအပိုင်းမှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိမယ်ဆိုရင် ဆေးက လျော့သွားမှာပဲ" ဟု မော့ကနင်ကျေးရွာမှ အသက် (၄၉) နှစ်အရွယ် မိခင်ဖြစ်သူတစ်ဦးက ပြောပါသည်။

“ရောင်းတဲ့သူကို ဖမ်းမယ်ဆိုရင် တဖြည်းဖြည်း လျော့သွားနိုင်တယ်။ မဖမ်းဘူးဆိုရင်တော့ ကလေးတွေကို ဘယ်သူမှလည်း မပြောနိုင်(မထိန်းသိမ်းနိုင်)ဘူး။ ရောင်းသူမရှိဘူးဆိုရင် သုံးသူလည်း ရှိမှာမဟုတ်တော့ဘူး။ … တကယ်က ရောင်းသူရှိမှ သုံးတဲ့သူက ရှိလာတာ" ဟု မော့ကနင်ကျေးရွာမှ အသက် (၆၀) အရွယ်ရှိ ဒေါ်------ က ပြောပါသည်။



# အခန်း (၄)
# မူးယစ်ဆေးဖြတ် ကုသခြင်းနှင့် မူးယစ်ဆေး တားဆီးနှိမ်နင်းရေး လုပ်ဆောင်ချက်များ

ပြည်သူ့ဆေးရုံနှင့် ပြန်လည်ထူထောင်ရေးဌာနများတွင် မူးယစ်ဆေး စနစ်တကျ ဖြတ်တောက်ကုသခြင်းများ ရှိသကဲ့သို့ အသိပညာ ဗဟုသုတနည်းပါခြင်း၊ လွဲမှားသော အရှက်တရားနှင့် ကြောက်ရွံ့စိတ်များကြောင့် မူးယစ်ဆေးစွဲမှုပြဿနာကို တိတ်တဆိတ် ဖြေရှင်းနေကြသည်များလည်း အများအပြားပင် ရှိသည်။

"ဆေးရုံသွားတာ ကျွန်တော်ကိုယ်တိုင်ပဲ သွားပို့ပေးတယ်။ သားဆိုတော့လည်း ပိုက်ဆံက ကုန်သလောက် ပေါ့လေ။ ရန်ကုန်က ရွာသားကြီးကို ပို့ခဲ့တယ်" ဟု နီးပဒေါကျေးရွာမှ ဖခင်တစ်ဦးက ပြောပါသည်။

မူးယစ်ဆေးစွဲနေသော သားသမီးများကို မထိန်းချုပ်နိုင်သဖြင့် နီးစပ်ရာအာဏာပိုင်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို အကူအညီတောင်းခံပြီး ထိန်းသိမ်းစေခဲ့သည်များလည်း ရှိသည်။

"ရဲစခန်းသွားတယ်။ ရဲစခန်းကလည်း တစ်ရက်ပဲ အချုပ်ထဲ ထည့်တယ်။ ရဲစခန်းကို အဲဒီလိုမျိုး (၃) ခါ သွား ဖူးတယ်။ နောက်ပိုင်းတော့ မရတော့ဘူး။ ရွာလူကြီးတွေနဲ့ ညှိနှိုင်းပြီးတော့ မွန်စစ်သား (မွန်ပြည်သစ်ပါတီ)ဆီ ကို သွားပို့လိုက်တယ်။ ... အခုဆိုရင် မွန်စစ်တပ်ဗဟို (မွန်ပြည်သစ်ပါတီဌာနချုပ်) ကို သွားပို့ထားလိုက်တာ တစ်လရှိနေပြီ" ဟု မော့ကနင်ကျေးရွာမှ အသက် (၄၉) နှစ်ရှိသူ ဒေါ်---------- က ပြောပါသည်။

"မွန်ပြည်သစ်(ပါတီ)ကို သွားတိုင်တော့ သူတို့ဆီကို ပို့ပေးရမယ် ပြောတယ်။ ကျွန်တော်တို့သားကို မနိုင်တော့ လို့ ဖမ်းခိုင်းတာကို ပို့ခိုင်းတယ်ဆိုတော့ မဖြစ်ပြန်ဘူး။ သူတို့ ဖမ်းရမယ်ဆိုရင် မဖမ်းဘူးတဲ့။ နောက်ပြီး လွန် ခဲ့တဲ့ နှစ်လလောက်ကပဲ ကျွန်တော်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးက ရဲစခန်းသွားခဲ့တယ်။ သူတို့ ဖမ်းပေးမယ် လို့ ပြောတယ်" ဟု နီးပဒေါကျေးရွာမှ ဦး-------- က ပြောပါသည်။

"မွန်စစ်သား(မွန်ပြည်သစ်ပါတီ)မှာက ထိန်းသိမ်းရတဲ့အတွက် တစ်လကို ပိုက်ဆံ တစ်သောင်း(ကျပ်)ပဲ ယူ တယ်။ သူတို့ ထိန်းသိမ်းပေးထားတာကိုပဲ ကျေးဇူးတင်နေရတယ်" ဟု မော့ကနင်ကျေးရွာမှ မိ----------- က ပြောပါသည်။

"လမိုင်းမြို့က အသက် (၁၂) နှစ်အရွယ် ကလေးတစ်ယောက် ဆေးစွဲပြီး တစ်နေ့ကို မြင်းဆေး(WY ဆေးပြား) ၂ ပြား သုံးနေတော့ မိဘကိုယ်တိုင်က မွန်ပြည်သစ်ပါတီ ဝယ်ဇင်စခန်းကို သွားအပ်လိုက်တယ်။ မွန်ပြည်သစ်ပါတီက ဆေးကုသပေးပြီး ဆေးဖြတ်နိုင်အောင် လုပ်ပေးနေတာ ကျွန်မတို့ တွေ့နေရပါတယ်။ မွန် ပြည်သစ်ပါတီရဲ့ ထိန်းသိမ်းရေးစခန်းမှာ မူးယစ်ဆေးသုံးစွဲသူတွေ အများကြီး ရှိတယ်။ မွန်ပြည်သစ်ပါတီက ပြစ်ဒဏ်တစ်ခုခု အလုပ်တစ်ခုခုပေးပြီး ဆေးဖြတ်နိုင်အောင် လုပ်ပေးနေရတာပေါ့" ဟု ငါးကလေးချောင်း ကျေးရွာမှ မူးယစ်ဆေးသုံးစွဲသူ၏ အသက် (၄၇) နှစ်အရွယ် ဆွေမျိုးသားချင်းတစ်ဦးက ပြောပါသည်။

မူးယစ်ဆေး တားဆီးနှိမ်နင်းရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများတွင် ဒေသခံများက ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့်လည်းကောင်း၊ စာသင်ကျောင်းများ၊ ဒေသခံအာဏာပိုင်များနှင့်ပူးပေါင်း၍လည်းကောင်း လုပ်ဆောင်နေမှုများလည်း ရှိသည်။

"အခုလောလောဆယ် စာသင်ကျောင်းမှာ ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ ဆိုတာကအစ စည်းကမ်းသတ်မှတ်ပြီး ကန့်သတ်ထားတယ်။ လိုအပ်ရင် လိုအပ်သလို ကလေးတွေရဲ့ လွယ်အိတ်တွေ၊ ဘောင်းအိတ်တွေကို စစ်ဆေးတယ်။ နောက်တစ်ခုကတော့ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ဆိုးကျိုးတွေကို ပညာပေး ဟောပြောပွဲတွေ လုပ်ပေးနေတယ်" ဟု မော့ကနင်ကျေးရွာမှ အသက် (၆၂) နှစ်အရွယ် အငြိမ်းစားကျောင်းအုပ်ကြီးက ပြောပါသည်။

"လက်ရှိအနေနဲ့ကတော့ အုပ်ချုပ်ရေးမှူးနဲ့ ပြည်သူ့စစ်နဲ့ ပူးပေါင်းပြီး အင်အားသုံးပြီးတော့ ရွာမှာ ကင်းလှည့်တာရှိတယ်။ အဓိက,ကတော့ သူတို့စုပြီး သုံးတတ်တဲ့နေရာတွေကို သွားစစ်တယ်။ တွေ့ရင် သူတို့ကို ပညာပေး ဟောပြောပြီးတော့ ပြန်လွှတ်ပေးလိုက်တယ်။ ကတိခံဝန်ချက် ထိုးခိုင်းတယ်၊ မိဘတွေကို ခေါ်ခိုင်းတယ်။ လူများရင် ရဲလက်ပဲ အပ်လိုက်တယ်။ ရဲက စစ်ဆေးပြီးတော့ အရေးယူဆောင်ရွက်ပေးတယ်" ဟု အဆိုပါ အငြိမ်းစားကျောင်းအုပ်ကြီးက ဆက်ပြောပါသည်။



# အခန်း (၅)
# အရေးပါသော တွေ့ဆုံမေးမြန်းမှုများ

မွန်ပြည်နယ်၏ မူးယစ်ဆေးဝါးပြဿနာနှင့်ပတ်သက်ပြီး ပြည်သူလူထု၏ လွဲမှားနေသော အယူအဆများကို ဖျောက်ဖျက်ရန်အတွက်လည်းကောင်း၊ မူးယစ်ဥပဒေများနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များကို သိရှိရန်အတွက်လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို နားလည်သဘောပေါက်လာစေရန် အတွက်လည်းကောင်း ရည်ရွယ်၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် ပြန်လည်ထူထောင်ရေးနယ်ပယ် တွင် အလုပ်လုပ်ကိုင်လျက်ရှိသော တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ဤကဏ္ဍတွင် ဖော်ပြအပ် ပါသည်။

## (၁) ဦးသူရိန်သီးနှင့် တွေ့ဆုံမေးမြန်းခြင်း

ဦးသူရိန်သီးသည် တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်ပြီး မော်လမြိုင်တရားမျှတမှုစင်တာ (Mawlamyine Justice Center – MJC) တွင် Program Director အဖြစ် တာဝန်ထမ်းဆောင်နေသူတစ်ဦး ဖြစ်သည်။

“၂၀၁၈ မှာ မူးယစ်ဆေးဝါးဥပဒေပုဒ်မ (၁၅) ကို ပြင်လိုက်တယ်။ အဲဒါက ဘာလဲဆိုတော့ ထောင်ဒဏ် ပြစ်ဒဏ်ပေးရာကနေ လူမှုရေးပြစ်ဒဏ်ပေးတာ။ ဒီမှာလည်း အရေးကြီးတာတစ်ခုက ဆေးသုံးရင် ထောင်မ ကျတော့ဘူးဆိုတဲ့ အယူအဆမျိုး လူငယ်တွေကြားထဲမှာ ရှိလာတယ်။ ... တိတိကျကျပြောရရင် ဆီးစစ် သွေးစစ်လို့ မူးယစ်ဆေးမတွေ့ရင် ထောင်မကျဘူးဆိုပေမယ့် လက်ထဲမှာ မူးယစ်ဆေးတွေ့ရင် လက်ဝယ်ထား ရှိမှုနဲ့ကတော့ ထောင်ကျတုန်းပဲ။

“လက်ဝယ်တွေ့ရှိမှုက မူးယစ်ဆေးဝါး အလေးချိန်နဲ့ အရေအတွက်နဲ့ ကန့်သတ်ထားတယ်။ အလေးချိန်နည်း ရင် ရိုးရိုးလက်ဝယ်တွေ့ရှိမှု၊ အလေးချိန်များရင် ရောင်းဝယ်ရန်အလို့ငှာ လက်ဝယ်ထားရှိတယ်ဆိုပြီး ဥပဒေ က သတ်မှတ်ထားတယ်။ ဥပမာ WY ဆေးပြားဆိုပါတော့။ သူက တစ်ပြားကို (၀.၁) ဂရမ် ရှိတယ်။ အပြား (၃၀) ဆိုရင် (၃) ဂရမ်။ (၃) ဂရမ်နဲ့အထက်ဆိုရင် ပုဒ်မ ၁၉ (က) ဆိုတဲ့ ရောင်းဝယ်ရန်အလို့ငှာ ဆိုတဲ့ဟာနဲ့ အနည်းဆုံး ထောင် (၁၀) နှစ် ကျမယ်။

“(၁) ပြားကနေ (၂၉) ပြားအထိ အပြား (၃၀) မပြည့်မချင်းပေါ့။ အဲဒါကတော့ ၁၆ (ဂ) နဲ့ ထောင် (၅) နှစ်ကျ မယ်။

“ပုဒ်မ (၂၁) မှာ ပါတဲ့ အားပေးကူညီတယ်ဆိုတဲ့ကိစ္စကတော့ လူငယ်တွေအတွက် တော်တော်အရေးကြီး တယ်။ မူးယစ်ဆေးကို ကိုယ်ကမသုံးပေမယ့် မပတ်သက်ပေမယ့် ပတ်သတ်တဲ့သူ၊ သုံးနေတဲ့သူကို ရဲက ဖမ်းဆီးတဲ့အချိန်မှာ ကိုယ်က အတူရှိနေရင် ကိုယ်လည်း အရေးယူခံရနိုင်တယ်။

“(၂၁) နဲ့ အရေးယူခံရမယ်ဆိုပါတော့။ မြို့နယ်ရုံးမှာစစ်ရင် အမှုရင်ဆိုင်ရတဲ့ကာလက (၆) လနဲ့ (၁) နှစ် လောက် ရှိမယ်။ မြို့နယ်ရုံးက မလွှတ်လို့ ခရိုင်ကိုတက်မယ်ဆိုရင် နောက်ထပ် (၄) လ၊ (၅) လ ထပ်ကြာ

မယ်။ ခရိုင်ကနေ ပြည်နယ်ကို တက်မယ်ဆိုရင် (၃) လ ကနေ (၆) လ ကြာမယ်။ ပြည်နယ်မှာ မလွှတ်လို့ နေပြည်တော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ထပ်တက်မယ်ဆိုရင် နောက်ထပ် (၆) လနဲ့ (၁) နှစ် ကြား ထပ်ကြာဦးမယ်။

"အဲလို ရင်ဆိုင်ဖြေရှင်းပြီး လွှတ်ခဲ့ပြီပဲ ထားပါတော့ အရင်က သူနေခဲ့တဲ့ ချုပ်ရက်တွေက (၁) နှစ် (၂) နှစ် လောက် ရှိနေပြီလေ။ အဲကာလတွေက သူ့ပေးဆပ်မှု၊ သူ့နစ်နာမှု ဖြစ်သွားပြီ။ ဒီလိုမျိုးဖြစ်တတ်တယ်ဆိုတော့ မိဘတိုင်းက ငါ့သားက ဘာမှမလုပ်ဘူး၊ ရိုးရိုးအေးအေးလေးပဲဆိုပြီးတော့ စိတ်ချလက်ချ လွှတ်ထားလို့ မရ ဘူး။ ... ဂရုစိုက်ဖို့ လိုအပ်ပါတယ်"

## (၂) ဒေါက်တာဝင်းကျော်သူနှင့် တွေ့ဆုံမေးမြန်းခြင်း

ဒေါက်တာဝင်းကျော်သူသည် စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီးတစ်ဦး ဖြစ်ပြီး မော်လမြိုင်မြို့ ပြည်သူ့ ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

"မူးယစ်ဆေးသုံးတဲ့သူတိုင်းကို ဆေးကုသဖို့ မလိုပါဘူး။ ဆေးသုံးတဲ့လူ (၁၀၀) မှာ (၁၀) ယောက် (၁၂) ယောက်လောက်ပဲ ဆေးစွဲတဲ့လူ ဖြစ်ကြတယ်။ လူ (၁၀၀) မှာ အယောက် (၉၀) လောက်က ဆေးကုသပေးရ မှာ မဟုတ်ဘဲ နှစ်သိမ့်ဆွေးနွေးမယ်၊ အသိပညာပေးမယ်၊ ဆေးဆက်မသုံးဖို့ ကတိကဝတ် တောင်းမယ်ဆိုရင် သုံးစွဲမှုလျော့လာပြီး ဆေးပြတ်သွားနိုင်ပါတယ်။

"ဆေးစွဲတဲ့သူတွေကို ကုသတဲ့နေရာမှာ အပိုင်း (၂) ပိုင်း ရှိတယ်။ လူထုအခြေပြုဝန်ဆောင်မှုနဲ့ ဆေးရုံ အခြေပြုဝန်ဆောင်မှု။ လူထုအခြေပြုဝန်ဆောင်မှုအတွက် တစ်နှစ်ပြီးတစ်နှစ် သင်တန်းတွေ လိုက်ပေးနေ တယ်။ မွန်ပြည်နယ်တော့ မပါသေးဘူး။ ဆေးရုံအခြေပြုဝန်ဆောင်မှုနဲ့ပတ်သက်ပြီး ပြောချင်တာက ဆေး ဖြတ်တဲ့ကိစ္စက ဆေးရုံ၊ ဆေးခန်း၊ စေတနာ့ဝန်ထမ်းတွေက လုပ်ပေးလို့ မရဘူး။ ကူညီပေးနိုင်တာပဲ ရှိတယ်။ အဓိက,ကတော့ ဆေးသုံးတဲ့လူကိုယ်တိုင် ဖြတ်ချင်စိတ်ရှိလို့ ဖြတ်မှပဲ ဆေးပြတ်မှာပါ။

"နောက်တစ်ခုက ပြန်လည်ထူထောင်ရေးပေါ့။ ဒီနေရာမှာ လူမှုဝန်ထမ်းအဖွဲ့အစည်းတွေ၊ အရပ်ဖက်လူမှုအဖွဲ့ အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ ဆရာတို့က ကူညီပေးနိုင်ပါတယ်။

"UNODC – the United Nations Office on Drugs and Crime တွက်ချက်စာရင်းအရ မွန်ပြည်နယ် မှာ မူးယစ်ဆေးစွဲနေသူ ဒါမဟုတ် မူးယစ်ဆေးကြောင့် ပြဿနာဖြစ်နေတဲ့သူပေါင်း အယောက် (၉,၀၀၀) ကျော် ရှိတယ်။ ၂၀၁၇ မှာ ဆရာတို့ဆီကို (၁၂၆) ယောက် လာပြခဲ့တယ်။ (၃) ရာခိုင်နှုန်းလောက်ပေါ့။ တစ် ခြားဆေးရုံ၊ ဆေးခန်းမှာ ပြတာတွေ၊ ရန်ကုန်မှာ သွားပြတာတွေလည်း ရှိဦးမယ်ဆိုတော့ ဆရာ့အထင် ဆေး သုံးစွဲတဲ့လူ (၁၀၀) မှာ (၁၀) ယောက်လောက်တော့ ဆေးကုကြတယ်။

"မူးယစ်ဆေးသုံးစွဲသူအများစုက အသက် (၁၅) နှစ်ကနေ (၂၅) နှစ်က အများဆုံး၊ အသက် (၂၅) နှစ်ကနေ (၃၅) နှစ်က ဒုတိယအများဆုံးဆိုတော့ စွမ်းအားရှိတဲ့ လူ့အရင်းအမြစ်တွေ အလုပ်မလုပ်နိုင်တဲ့အတွက် ကြောင့် တိုင်းပြည်အတွက် အများကြီး ဆုံးရှုံးနစ်နာပါတယ်"

## (၃) နိုင်ကျည်ဆံနှင့် တွေ့ဆုံမေးမြန်းခြင်း

နိုင်ကျည်ဆံသည် သထုံခရိုင်မွန်ပြည်သစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သကဲ့သို့ သထုံခရိုင်မွန်ပြည်သစ်ပါတီ၏ မူးယစ်ဆေးဖြတ် ကုသရေးဌာနကို တာဝန်ယူနေရသော အရာရှိတစ်ဦးလည်းဖြစ်သည်။

"ဆေးဖြတ်တဲ့ကိစ္စက ကျွန်တော်တို့ချည်းပဲဆိုရင် အခက်အခဲတွေရှိတယ်။ အဓိက,က ဘဏ္ဍာရေးပေါ့။ အဲလို ဘဏ္ဍာရေးအခက်အခဲရှိတော့ မိဘတွေက လာအပ်ရင် ဆန်တစ်အိတ်နဲ့ စားစရိတ် (၂) သောင်း ပေးရပါတယ်။

"လာအပ်ရင် အနည်းဆုံးသုံးလပြည့်မှ လာခေါ်လို့ရမယ်။ အဲဒီလို ပုံစံချထားတယ်။ တစ်ချို့ကလေးတွေကို ကျွန်တော်ကိုယ်တိုင် ရှင်းပြတယ်၊ တစ်ချို့ကျတော့ တခြားတာဝန်ရှိသူတွေက ရှင်းပြပါတယ်။ တစ်ပတ်တစ်ကြိမ်၊ အလုပ်ရှုပ်နေရင်တော့ နှစ်ပတ်တစ်ကြိမ် ပညာပေးဟောပြော ရှင်းပြပေးတယ်။

"သုံးလပြည့်လို့ ပြန်သွားတဲ့အခါမှာ တစ်ချို့ကျ ဆေးပြတ်သွားတဲ့လူတွေ ရှိသလို တစ်ချို့ကျတော့လည်း ပြန်သုံးကြပြန်တာပဲ။ ဆေးပြန်သုံးနေလို့ မိဘတွေက ပြန်လာအပ်ကြတာလည်း ရှိတယ်။ နည်းတော့ နည်းတာပေါ့။

"သူတို့ဟာ အပြစ်ပေးခံထားရတဲ့လူတွေ မဟုတ်တဲ့အကြောင်း ရှင်းပြထားရတယ်။ ထွက်မပြေးဖို့၊ ပြန်ချင်ရင် မိဘတွေကို ခေါ်ပြီးမှ ပြန်ဖို့ ပြောထားရတယ်။ ဒီအတိုင်းထွက်ပြေးသွားလို့ တစ်ခုခုဖြစ်ရင် ကျွန်တော်တို့ဆီမှာ တာဝန်ရှိတယ်။

"ကျွန်တော် ဒီကို စရောက်တုန်းက (ဆေးဖြတ်တဲ့လူတွေ) ဒီလောက်မများသေးဘူး။ နောက်ပိုင်းကျတော့ ပိုများလာတယ်။ ဗမာလူမျိုးတွေလည်း သတင်းကြားတော့ သူ့အဆက်အသွယ် ကိုယ့်အဆက်အသွယ်နဲ့ လာအပ်ကြတယ်။ လျော့သွားတာ မရှိဘူး၊ ပိုများလာနေတယ်။

"ဒီမှာလာအပ်ထားတဲ့ ဆေးစွဲတဲ့သူတွေထဲက အသက်အငယ်ဆုံးက (၁၄) နှစ် ရှိတယ်။ (၁၄) (၁၅) (၁၆) နှစ်ကနေ အသက် (၅၀) ဝန်းကျင်အထိ တွေ့ရတယ်။

"စည်းကမ်းတွေ ချထားတယ်။ မနက်ပိုင်း အိပ်ရာထပြီး ကျန်းမာရေး(လေ့ကျင့်ခန်း)တွေ ဘာတွေ လုပ်ခိုင်းတယ်။ အနားယူချိန်၊ ထမင်းစားချိန်တွေ သတ်မှတ်ပေးထားတယ်။ ပညာပေးဟောပြောတာတွေ ရှိသလို ညနေပိုင်းဆိုရင် အားကစားလုပ်ခိုင်းတာတွေ ရှိတယ်။ တစ်နေ့တာ လုပ်ဆောင်မှုတွေကို (သတ်မှတ်ပေးထားတယ်) ပေါ့"

# အခန်း (၆)
# တောင်းဆိုချက်များ

၁) ဆေးသုံးတဲ့သူတွေကို ဖမ်းပြီး ထိန်းသိမ်းပါ။ မူးယစ်ဆေးဝါး နောက်ဆက်တွဲအန္တရာယ်တွေကို ဟောပြောပွဲတွေ လုပ်ပေးပါ။ ... သုံးစွဲတဲ့သူထက် ရောင်းဝယ်သူကို ဖမ်းဖို့ အားပေးပါတယ်။ ဝယ်ဖို့ မရှိဘူးဆိုရင် မသုံးဖြစ်တော့ဘူး။ (ရှိုင်း------- ၊ အသက် (၂၇) နှစ်၊ မင်းလှကျေးရွာ၊ ရေးမြို့နယ်)

၂) ရောင်းတဲ့သူတွေကို ထိန်းချုပ်ပေးစေချင်တယ်။ ဆေးသုံးတဲ့သူက ဆေးစွဲနေပြီဆိုရင် ဆေးရုံကို ပို့ပေးစေလိုပါတယ်။ မွန်ဒေသမှာ အစိုးရ၊ အရပ်ဖက်အဖွဲ့အစည်း၊ မွန်ပြည်သစ်(ပါတီ)တို့က ဝိုင်းဝန်းပြီးတော့ ထိန်းချုပ်ပေးပါ။ (နိုင်---------- ၊ အသက် (၅၀) နှစ်၊ ငါးကလေးချောင်းကျေးရွာ၊ ကျောင်းရွာအုပ်စု၊ ရေးမြို့နယ်)

၃) အခု ဒီရွာမှာပဲ ဗမာ၊ မွန်နဲ့ ကရင်လူမျိုးတို့ နေထိုင်ကြတယ်။ မူးယစ်ဆေးဝါးထောက်လှမ်းရေးရဲလည်း ရှိတယ်။ မူးယစ်ဆေးဝါးကို မပွားရအောင် (မူးယစ်ဆေးအန္တရာယ်ကနေ) လုံခြုံရအောင် ထားပေးစေချင်တယ်။ ဒီရွာကို တကယ်လို့ လုံလုံခြုံခြုံ ဝိုင်းထားမယ် စောင့်ကြည့်နေမယ်ဆိုရင် ဒီဆေးလည်း ရွာကို ဝင်လာစရာအကြောင်းမရှိဘူး။ ... အုပ်ချုပ်မှုအပိုင်းမှာ အားနည်းတယ်၊ တကယ်လို့ အုပ်ချုပ်ရေးအပိုင်းက တာဝန်ယူ တာဝန်ခံမယ်ဆိုရင် ဆေးက လျော့သွားမှာပဲ။ လူငယ်တွေ ဆေးဖြတ်ဖို့အတွက် နေရာသီးသန့် ထားပေးစေချင်တယ်။ (ဒေါ်--------- ၊ အသက် (၄၉) နှစ်၊ မော့ကနင်ကျေးရွာ၊ ရေးမြို့နယ်)

၄) ရောင်းတဲ့သူကိုပဲ ထိထိရောက်ရောက် ဖမ်းပေးစေချင်တယ်။ ရောင်းတဲ့သူကိုဖမ်းမယ်ဆိုရင် တဖြည်းဖြည်း လျော့သွားနိုင်တယ်။ မဖမ်းဘူးဆိုရင် ကလေးတွေကို ဘယ်သူမှလည်း မပြော(မထိန်း)နိုင်ဘူး။ (ဒေါ်----------- ၊ အသက် (၆၀) နှစ်၊ မော့ကနင်ကျေးရွာ၊ ရေးမြို့နယ်)

၅) မူးယစ်ဆေးရောင်းတဲ့သူကို ကျွန်တော်တို့ရွာမှာ ကျွန်တော်တို့ကိုယ်တိုင် ဖမ်းဆီးခွင့်ရရင် ရှင်းသွားမယ်။ (မူးယစ်)ကုန်သည်ကြီးတွေကိုပဲ ဖမ်းစေချင်တယ်။ (ဦး---------- ၊ အသက် (၅၀) နှစ်၊ တောင်ပကျေးရွာ၊ မုဒုံမြို့နယ်)

၆) မူးယစ်ဆေးဝါး လျှော့ချရေးလုပ်ငန်း လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေက လူငယ်တွေကိုရော အားလုံးကိုပါ ကူညီပေးပါ။ မူးယစ်ဆေးဝါး လျှော့ချရေးလုပ်ငန်းတွေကို ဆက်လုပ်သွားပါလို့ ပြောချင်ပါတယ်။ (မိ-------- ၊ အသက် (၂၄) နှစ်၊ ဝါခရူကျေးရွာ၊ သံဖြူဇရပ်မြို့နယ်)

၇) လုပ်ချင်တာကတော့ ရွာကလူငယ်တွေ မူးယစ်ဆေးသုံးသူတွေကို စည်းရုံးမယ်၊ ပြီးတော့ ဆေးစွဲသူတွေကို အလုပ်အကိုင်ပေးပြီးတော့ (မူးယစ်ဆေးအပေါ်) အာရုံလျော့နည်းသွားအောင် လူတိုင်းက လုပ်ပေးနိုင်မယ်ဆိုရင် ဆေးသုံးသူတွေ လျော့လာနိုင်မယ်။ (မိ--------- ၊ အသက် (၄၇) နှစ်၊ ငါးကလေးချောင်းကျေးရွာ၊ ကျောင်းရွာအုပ်စု၊ ရေးမြို့နယ်)

၈) အဓိက,ကတော့ မူးယစ်ဆေးကို ပင်ရင်းမှာ ဖြန့်ဖြူးနေတဲ့သူတွေရဲ့ သတင်းကို ကြိုသိစေချင်တယ်။ မူးယစ်ဆေးဝါးကိစ္စကတော့ ကျယ်ပြန့်တဲ့အတွက် သူတို့ရဲ့နောက်ကွယ်မှာ ဘာရှိသလဲဆိုတာ သိစေချင်တယ်။ နိုင်ငံတော်အစိုးရကတော့ အဓိကဖြန့်ဖြူးနေတဲ့ ပင်ရင်းကို သတ်သတ်မှတ်မှတ် ဖမ်းဆီးပါ။ အဲလိုဆိုရင် ရွာထဲမှာ မူးယစ်ဆေးဝါးတွေ ပပျောက်သွားနိုင်တယ်။ (ဦး-------- ၊ အသက် (၆၂) နှစ်၊ မော့ကနင်ကျေးရွာ၊ ရေးမြို့နယ်)

၉) ဥပဒေကို ပြုပြင်ပြောင်းလဲတာထက်စာရင် ပြည်သူလူထုကို အသိပညာပေးဖို့၊ မူးယစ်ဆေးရဲ့ ဆိုးကျိုးက ဘယ်လောက်ရှိတယ်၊ ဘယ်လိုနစ်နာနိုင်တယ်၊ ဘယ်လိုဖြစ်ရင်တော့ ထောင်ကျသွားနိုင်တယ် စတာတွေကို လူငယ်တွေ သူတို့ရဲ့မိဘတွေ ပြည်သူလူထုတွေ အားလုံးသိရှိဖို့ အသိပညာပေး ဟောပြောပွဲတွေ အများကြီး လုပ်ဖို့ လိုအပ်တယ်။

(မူးယစ်ဆေးဆိုတာ) အပြစ်ပေးလိုက်ရုံနဲ့ ပပျောက်သွားတဲ့ဟာ မဟုတ်ဘူး။ ပပျောက်အောင်ဆိုပြီး ပြစ်ဒဏ်တွေ တိုးမြှင့်လိုက်လို့လည်း မရဘူး။ ပြန်လည်ထူထောင်ရေး လုပ်ဖို့လိုတယ်။ ပြန်လည်ထူထောင်ရေးမှာ နိုင်ငံတော်က ထောက်ပံ့ရမယ်။ (ဦးသူရိန်သီး၊ အသက် (၆၃) နှစ်၊ တရားလွှတ်တော်ရှေ့နေ၊ မော်လမြိုင်မြို့)

၁၀) နိုင်ငံတကာမှာလိုပဲ မြန်မာနိုင်ငံကလည်း မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေထားရှိဖို့ လိုအပ်နေပြီ။ အခုရန်ပုံငွေသွားနေတဲ့ပုံက မူးယစ်ဆေးဝါးရန်ပုံငွေက ပြည်ထဲရေးအောက်ကသွားရတယ်။ ဌာနပေါင်းအများကြီး ခွဲဝေပေးနေရတယ်။ နိုင်ငံတော်က မူးယစ်ဆေးဝါးကာကွယ်ရေးအတွက် သီးသန့်ခေါင်းစဉ်နဲ့ ထိထိရောက်ရောက် ဆောင်ရွက်ဖို့လိုတယ်။ (ဦးရဲနောင်ထွဋ်၊ အသက် (၄၁) နှစ်၊ လောကအလင်း၊ မော်လမြိုင်မြို့)



# နိဂုံး

မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ အမြစ်တွယ်လာသော စိန်ခေါ်မှုတစ်ခု ဖြစ်သော်လည်း မူးယစ်ဆေးပြဿနာကို ဖြေရှင်းရာတွင် ပြည်သူများသည် အစိုးရဌာနဆိုင်ရာများဖြစ်သော မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု နည်းပါးနေသည့်အပြင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း သိရှိနားလည်ခြင်း မရှိသလောက်ပင် ဖြစ်နေသည်။

မြန်မာနိုင်ငံတွင် ဥပဒေများ ပြုပြင်ပြောင်းလဲခြင်းနှင့် ပြစ်ဒဏ်များ တိုးမြှင့်ချမှတ်ခြင်းထက် ပြည်သူလူထုအား အသိပညာပေးဟောပြောခြင်းများ ပိုမိုပြုလုပ်ရန် လိုအပ်ကြောင်း ထောက်ပြခဲ့ကြသကဲ့သို့ နိုင်ငံတော်အနေဖြင့် မူးယစ်ဆေး တားဆီးနှိမ်နင်းရာတွင် သီးသန့်ရန်ပုံငွေထားရှိပြီး အထူးတလည်လုပ်ဆောင်ရန်လည်း တိုက်တွန်းခဲ့ကြသည်။ ၎င်းပြင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများကို နိုင်ငံတော်သမ္မတရုံးက တိုက်ရိုက်ကိုင်တွယ်နေသော်လည်း အကြီးစားရောင်းဝယ်သူများကို ထိရောက်စွာ ဖမ်းမိခြင်း မရှိသေးသည်မှာလည်း စိတ်ပျက်ဖွယ်ဖြစ်နေပါသည်။

မူးယစ်ဆေးပြဿနာကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများ များစွာပြုလုပ်ရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အခန်းကဏ္ဍသည်လည်း ပိုမိုအရေးပါလာမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် မူးယစ်ဆေးပြဿနာသည် နိုင်ငံတော်အစိုးရနှင့်သာမက ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သော ပြဿနာဖြစ်သည့် အားလျော်စွာ နိုင်ငံနှင့်ပြည်သူ တွဲလက်ညီညီဖြင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားမည်ဆိုပါက ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်တောင့်တနေသော မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးသည် တစ်နေ့တစ်ချိန်တွင် မလွဲဧကန်မုချဖြစ်လာမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

INSPIRED Myanmar

This project is co-funded by the European Union

TRANSITION

Implementation partners

LOKA AHLINN

PEOPLE IN NEED

EUROPEAN PARTNERSHIP FOR DEMOCRACY

HURFOM

MYEO